မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F___ Volume 7/Issue 11 /November / 2014

## သတင်းလွှာ ၏ December

### ပျော်ရွှင်သောမွေးနေ့တော်ဖြစ်ပါစေ။

လောကဝမ်းမြောက် ဘုရားကြွလာ။ မြေကြီးဘုရင်ခံယူ၊
မြေကြီးဝမ်းမြောက် ယေရှုစိုးစံ၊ထုတ်ဘော်အောင် ကြွေးကြော်ကြလေ။



လောဗန်၊မုရန် နှင့် ရွှေမကိုဋ္ဌကို သူငယ်တော် 'ယေရှု'အား ဆက်သရန်ယူလာ၊

ကောင်းကင်ဘုံ၌ ကြီးသောအသံတို့ကား လောကီ နိုင်ငံသည် ငါတို့၏အရှင် နိုင်ငံ ဖြစ်လေပြီ။
ထိုအရှင် ခရစ်တော်၏နိုင်ငံ ဖြစ်လေပြီ။ သူသည်လည်း ကမ္ဘာအဆက်ဆက် စိုးစံတော်မူမည်။
ဘုရင်တကာတို့ဘုရင်၊ သခင်တကာတို့၏သခင်၊ ဟာလေလုယ! ဟာလေလုယ!

## 2014, November Events










***Holy Communion Sunday***

*12/ 07/ 2014*

~~~~~~~~~~~~~~~

***B.C.F. Official Board Meeting***

*12/ 14/ 2014*

~~~~~~~~~~~~~~~

***Regular Sunday Worship Service***

*12/ 21/ 2014*

~~~~~~~~~~~~~~~

***Christmas Worship Service***

*12/ 25/ 2014*

~~~~~~~~~~~~~~~

***New Year Eve Sunday Worship Service***

*12/ 28/ 2014*

~~~~~~~~~~~~~~~

***Every Service on Sunday 2:00PM***
***at St. Luke's Episcopal Church***
***122 S. California Ave.***
***Monrovia, CA 91016***
~~~~~~~~~~~~~~~

# ဒါဒို့ကယ်တင်ရှင်

စိုးကြာဖြူ - BCF



– မျှော်ကိုးဖူးမျှော် .. ကန်တော့ချင်ရဲ့
သက်သက်တော့လဲ .. မဟုတ်ပြန်ဘူး။

– ပျောက်စေဆရာတစ်ယောက်လို .. ဉာဏ်နီဉာဏ်နက်တွေနဲ့
မျက်လှည့်မျိုးကို ကြည့်ချင်တာလဲ .. မဟုတ်ပြန်ဘူး။

– ဒုက္ခကိုမျှဝေခံတာထက် .. သုခကိုပေးမဲ့
လူသားစစ်စစ် .. ဟီးရိုးကြီးကို မြင်ချင်ရက်နဲ့
နှုတ်ကတဖွဖွ .. စိတ်ကတရွရွ
ကောင်းကင်ဘုံကဆင်းလာမလား
နန်းတော်ထဲကဘဲ အခြွေရံတသင်းနဲ့ .. ထွက်လာလေမလား။

– ကယ်တင်ရှင်ကြီးရေ မြန်မြန်ကြွလာပါတော့ ..

– ငါ့ရန်သူကို .. ချေမှုန်းပါ
ငါ့အမျိုးကို .. ချီပင့်ပါ
ငါ့ဘက်မှာ .. အစဉ်ရပ်နေပါဆိုပြီး
ငါ ..ငါ ..ငါ ဆိုတဲ့ မတရားကောင်းချီးတွေ တောင်းခံနေတဲ့တချိန်ထဲ

– ဒီနေ့ကမ္ဘာကြီးကို ပိုင်သတဲ့ မေရှိယလေးဟာ
ယုဒပြည်က ဗက်လင်မြို့မှာ ဖွားမြင်တာကို
ဘယ်သူများသိလိုက်သလဲ။

[မေရှိယ= အပြစ်မှကယ်ချွတ်မည့်သူ။ ဟီးရိုး = သူရဲကောင်း]

# သခင်ယေရှု ဘာကြောင့် မွေးဖွားလာရသလဲ!

ကေ–ခေါင်နူး

ရိုးရိုးနှင့်ရှင်းရှင်း ဖြေရသော်၊ အပြစ်သားများကို အပြစ်နွံတွင်းထဲမှ ကယ်တင်ရန် ဟုဆိုလျှင်မမှားပါ။ ဘုရားသခင်သည် လူသားအပေါင်းကို အလွန် ချစ်တော်မူသောကြောင့် မိမိ၌တပါးတည်းသောသားတော်ကို စွန့်တော်မူ၍၊ လောကသို့စေလွှတ်တော်မူသည်။ ရှင်ယောဟန်၊ ၃း၁၆ မှာ ဤသို့အတိအလင်း ဖေါ်ပြထားပါသည်။

**“ဘုရားသခင်၏သားတော်ကို ယုံကြည်သောသူ အပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊ ထာဝရ အသက်ကို ရစေခြင်းငှါ၊ ဘုရားသခင်သည် မိမိ၌ တပါးတည်းသော သားတော်ကို စွန့်တော်မူသည် တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏။”**

ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊လူမိန်းမကို ဖန်ဆင်းထားတော်မူကြောင်းကို ကမ္ဘာဦးကျမ်း၊ ၁း၂၆ တွင်ဖေါ်ပြထားသည်။ လူကို ဖန်ဆင်းရခြင်းမှာ ဘုရားရှင်နှင့်အတူ မိတ်သဟာယဖွဲ့ဖို့ရန် ဖြစ်ပါသည်။

ဘုရားသခင်သည် လူကိုချစ်သည်။ ထိုအတူ လူသည်လည်း ဘုရားသခင်ကိုချစ်ပါသည်။ ဘုရားသခင် ကြွတော်မူပြီး၊ လူနှင့် ပြောဆို မိတ်သဟာယဖွဲ့ခြင်း ရှိမြဲဖြစ်သည်။ ဘုရားသခင်သည် ဒေင်အရပ်၌ ဥယျာဉ်ကိုစိုက်ပျိုးပြီးလျှင်၊ ဖန်ဆင်းတော်မူသောလူကို ဒေင်ဥယျာဉ်ကို ပြုစုစောင့်၍၊ နေထိုင်စေခြင်းငှါ လူကို ထားတော်မူ၏။ မြေတပြင်လုံး၌ စပါးသီးကိုဖြစ်စေသော စပါးပင် အမျိုးမျိုးတို့ကိုငှင်း၊ မျိုးစေ့ကိုဖြစ်စေသော အသီးနှင့်ပြည့်စုံသော သစ်ပင်အမျိုးမျိုးတို့ကိုငှင်း၊ လူကိုစားစရာဘို့ပေး၏။ ထိုဥယျာဉ်၌ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတပါး၊ ကျန်ရှိသမျှသောအပင်တို့၏အသီးကို စားရသော အခွင့်ရှိ၏။ ထိုအပင်၏ အသီးကိုကား မစားရ။ စားသောနေ့တွင် ဧကန်အမှန်သေရမည်ဟု ပညတ်ထားတော်မူပါ၏။ လူသည် ထိုဥယျာဉ်ထဲတွင်၊ အေးချမ်းစွာနေထိုင်ရ၏။

သို့သော်၊တနေ့တွင် မထင်မှတ်ဘဲ စာတန်၏ စုံစမ်းလှည့်ဖြားခြင်း၌၊ လူကို ‘သင်တို့သည် ဧကန်အမှန် သေရမည် မဟုတ်။ ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိ ပွင့်လင်းလျက် ကောင်း/မကောင်းကိုသိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြမည်’ ဟုပြောရာတွင်၊ လူသည် အမှန်ယုံပြီး၊ တားမြစ်ထားသောအသီးကို စားခဲ့၍ ဘုရားစကားကို ဆန့်ကျင်မိပါ၏။ လူသည် လှည့်ဖြားခြင်းကို ခံရပြီး၊ စာတန်၏ လွှမ်းမိုးမှုနှောင့်မှုမှ မထွက်မြောက်နိုင်ခဲ့ကြတော့ပါ။

ဘုရားကိုချစ်လျှင် ဘုရားစကားကို နားထောင်ရပါမည်။ အာဒံနှင့်ဧဝသည် စာတန်ပြောသောစကားကို နားဝင်၍၊ ထိုအပင်သည် စားဘွယ်ကောင်း၏။ အဆင်းလည်း လှခြင်း၊ ပညာတိုးပွားစေလိုသောငှါ၊ နှစ်သက်ဘွယ်သောအပင် ဖြစ်ကြောင်းကို မိန်းမသည် မြင်၍၊ အသီးကို ယူ၍စားပြီး၊ မိမိခင်ပွန်း အာဒံအားလည်းပေး၍ သူသည်လည်း စားလေ၏။ စာတန်လှည့်ဖျားမှုကြောင့် ဘုရားတားမြစ်ထားသောအသီးကို စား၍၊ အပြစ်ဒုစရိုက်ကို လုပ်ခဲ့မိကြသည်။(ကမ္ဘာဦးကျမ်း၊၃း၆) ထိုအချိန်မှစ၍၊ ဒေင်ဥယျာဉ်ထဲမှ နှင်ထုတ်ခြင်းကိုခံရသည်။ (ကမ္ဘာဦးကျမ်း၊၃း၂၃) လူသည် နာခံမှုမရှိခြင်းကြောင့် ဖန်ဆင်းရှင်ဘုရား နှင့် ဖန်ဆင်းခံလူသားတို့ ဝေးကွာခဲ့ကြရသည်။

ဘုရားသခင်သည် လောကီသားတို့၏အပြစ်ကို စီရင်ဖို့ရန်၊ သားတော်ကို စေလွှတ်သည် မဟုတ်ပါ။ သားတော်အားဖြင့် ကယ်တင်ခြင်းသို့ ရောက်မည်အကြောင်း စေလွှတ်တော်မူခြင်းဖြစ်သည်။ ကယ်တင်ခြင်းရသောသူသည် ထာဝရအသက်ကို ရမည်ဖြစ်ကြောင်း၊ အာမခံချက်ပေးထားပါသည်။

ထို့အပြင်၊ "သားတော်ကို ယုံကြည်သောသူသည် အပြစ်စီရင်ခြင်းကိုမခံရ။" ဟုရှင်ယောဟန်၊ ၃း၁၈မှာ ပြောထားသော်လည်း၊ လောကီသားအများ လက်မခံကြပါ။ ပြောင်းလဲမှု မရှိကြပါ။ မကောင်းသောအမှု၌သာကျင်လည်ပြီး၊ အလင်းထက်အမှောင်ကိုပို၍နှစ်သက်နေကြသည်။ ဘုရားသခင်မရှိဟု မိုက်သောသူတို့သည်ထင်တတ်၏။ အပြစ်သားဘဝတွင်ပျော်နေကြသည်။ ကျေနပ်နေကြသည်။ နောက်ဆုံး၌၊ ဘုရားမရှိဝါဒကို ခံယူလာကြသည်။

လူအများက 'အာဒံနှင့်ဧဝ' အကြောင်းကို ကြည့်ပြီး၊ 'စာတန်' အမှန်ရှိသည်ကို သိကြ၏။ အပြစ်ကြောင့် အပြစ်သားဘဝဖြင့် ပျက်စီးခြင်း၌ လမ်းဆုံးမည့်အကြောင်းကိုလည်း သိကြပါသည်။ ထို့ကြောင့် ပျက်စီးခြင်းမှ လွတ်မြောက်ရာလမ်းကို ကြိုးစား၍ ရှာဖွေကြပါသည်။ အလှူဒါနပေးခြင်း၊ အကျင့်သီလဆောက်တည်ခြင်း၊ စိတ်ကိုထိန်းချုပ်ခြင်း၊ ဥပုသ်စောင့်ခြင်း၊ ကောင်းသောအကျင့်ကို ကျင့်ခြင်း၊ စသည်ဖြင့်ကျင့်လာကြသည်။ တစ်ခုကျင့်နိုင်သော်လည်း အကုန် မကျင့်နိုင်ပါ။ အထူးသဖြင့် လူ့စိတ်ကို မထိန်းနိုင်ပါ။ လူလူချင်း အထင်ကြီးဖို့ ဖြစ်လာပါသည်။ လူသည် 'ဖန်ဆင်းခံ' မျှသာဖြစ်သည့်အတွက် လူတို့လုပ်သမျှသည် လူကို ဘယ်လိုနည်းနှင့်မှ လွတ်မြောက်မှု မပေးနိုင်ပါ။

ဘုရားသခင်သည် ကောင်းကင်နိုင်ငံ တံခါးကိုဖွင့်၍၊ အမြဲဖိတ်ခေါ်လျက်ရှိသည်။ မိမိထံသို့ ပြန်လာမည့် သားသမီးများကို စိတ်ရှည်စွာဖြင့် စောင့်မျှော်နေပါသည်။ ရှေးပရောဖက်များမှတဆင့် သတိပေး ခေါ်ယူသော်လည်း နောင်တတရား မရကြပါ။ ဘုရားသခင် ထံသို့ ပြန်မလှည့်လာကြပါ။ မပြောင်းလဲကြပါ။ အမှောင်ကမ္ဘာ၏ အပြစ်ဒုစရိုက်နွံထဲမှာဘဲ ပျော်နေကြပါသည်။

ထို့ကြောင့်၊ ဘုရားသခင်သည် လူသားအပေါင်းကို ပျက်စီးမှ ကယ်တင်ဖို့ရန် မိမိ၌တပါးတည်းသောသားတော်ကို လောကသို့ စေလွှတ်တော်မူခဲ့သည်။ ထိုသားသည် 'ယေရှု' ဟုအမည်တွင်ပြီး၊ မိမိ၏ကောင်းကင်ဘုံနန်းကို စွန့်၍၊ အပြစ်ကြောင့် ပျက်စီးခြင်းသို့ရောက်မည့် လူသားများကို ကယ်တင်ဖို့ရန် လောကသို့ ကြွဆင်းလာရခြင်း ဖြစ်သည်။ သန့်ရှင်းသောဝိညာဉ်တော်ကြောင့် မယ်တော်မာရိ၏ဝမ်းတွင် ပဋိသန္ဓေစွဲယူ၍၊ မွေးဖွားခြင်းကို ခံယူရခြင်း ဖြစ်သည်။

ဤလောကတွင်၊ သားတော် 'ယေရှု' မွေးဖွားခြင်းဖြင့် ဘုရားသခင်နှင့်လူသား တလုံးတဝတည်းဖြစ်လာ၍၊ လောကသားများအားလုံးအတွက် ဝမ်းမြောက်စရာအကြောင်း သတင်းကောင်းဖြစ်လာပါသည်။

ဘုရားသခင်သည် သားတော် 'ယေရှု' တည်းဟူသော အကောင်းဆုံး လက်ဆောင်မွန်ကို ကျွန်ုပ်တို့အား ပေးသနားတော်မူသည်။ ကျွန်ုပ်တို့သည်လည်း မိမိ၏ အကောင်းဆုံးသောအရာကို ဘုရားသခင်ထံ ဆက်ကပ်ပူဇော်ခြင်းဖြင့် ကိုယ်တော်ရှင်အား ချီးမြှောက်နိုင်ပါသည်။ စိတ်နှလုံးပါလျက်၊ ဘုရားသခင်အား အစေခံခြင်းသည် မိမိ၏အကောင်းဆုံးကို ပေးဆပ်ခြင်း ဖြစ်သည်။

'ခရစ္စမတ်' ဟုသတ်မှတ်ထားသော ကယ်တင်ရှင် 'ယေရှု' ခရစ်တော်၏ မွေးနေ့တော်ကို ကျေးဇူးတင်စွာဖြင့် ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပါစို့။

ရှင်လန်းချမ်းမြေ့ကြပါစေ။

ကေ–ခေါင်နူး



# ခရစ္စမတ်ကဒ် စတင်ပေါ်ပေါက်လာပုံ

ဆယ့်နှစ်လရာသီအလှနဲ့ ပေါင်းစည်းထားသော နှစ်တစ်နှစ်ရဲ့ အကြိုက်နှစ်သက်ဆုံးနှင့် ပျော်ရွှင်စရာ ပေးနိုင်သော လတစ်လကို ဖော်ပြပါလို့၊ လူကြီးလူငယ်တွေကို မေးရင်၊ ဒီဇင်ဘာလလို့ဖြေကြမှာ သေချာပါတယ်။

ဟုတ်ပါတယ်။ ဒီဇင်ဘာလဟာ ပျော်ရွှင်ဘွယ်ရာကောင်းပြီး၊ ချမ်းအေးလှတဲ့လတစ်လ၊ ဖြစ်သလို မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့လ တစ်လ၊ ချစ်ခြင်းမေတ္တာတရားကို သယ်ဆောင်လာပေးတဲ့လ တစ်လ၊ အမုန်းတရားကို ပျယ်လွင့်နိုင်စွမ်းတဲ့လ တစ်လ .. ဆိုရင်လည်း မမှားပါဘူး။ ဒီထက်နက်ရှိုင်းတဲ့ အဓိပ္ပါယ်ကို ဖွင့်မယ်ဆိုရင် .. ဒီဇင်ဘာလဟာ အလှတရား၊ ချစ်ခြင်းတရား၊ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ကောင်းမြတ်ခြင်းတို့ရဲ့အရှင်၊ ကယ်တင်ရှင် သူငယ်တော်ကို သယ်ဆောင်လာပေးတဲ့ လတစ်လ ဖြစ်ပါသည်။

အေးချမ်းလှပသည့်ခရစ္စမတ်အချိန်အခါသမယ၌၊ ပျော်ရွှင်ကြည်နူးဘွယ်ရာကောင်းသော အစီအစဉ်အမျိုးအစား မြောက်များစွာထဲမှ၊ တစ်ဦးကတစ်ဦးကို ခရစ္စမတ်ကဒ် (Christmas Card) များ အမှတ်တရပေးပို့ခြင်း၊ ခရစ္စမတ်သစ်ပင်များ ဝေဆာလှပစွာ မွမ်းမံပြင်ဆင်ခြင်း၊ ကယ်ရယ် (Carol Singing) သီချင်းများ သီဆိုခြင်းနှင့် တစ်ဦးမှတစ်ဦးသို့ လက်ဆောင်ပစ္စည်းများ ပေးကမ်းကြခြင်း၊ အစရှိသည်တို့လည်း ထင်ရှားစွာ ပါဝင်ကြပါသည်။

ခရစ္စမတ်အချိန်သမယတွင်၊ ခရစ္စမတ်နှင့်ဆက်နွယ်သည့် ပစ္စည်းပစ္စယများ ထုတ်လုပ်ဖြန့်ချီရေးလုပ်ငန်း အမျိုးအစားများထဲမှ၊ ခရစ္စမတ်ကဒ် စတင်၍ ဖြစ်ပေါ်လာပုံကို ဝေမျှလိုက်ပါသည်။ ခရစ္စမတ်ကဒ်များကို အစအဦး ထုတ်လုပ်သည့်ကာလသည် ၁၈၄၃ ခုနှစ်အတွင်းက ဖြစ်ပါသည်။ ခရစ္စမတ်ကဒ်ကို စတင်ပုံဖော်သူသည်၊ ဂျွန်ကာကော့ ဟိုစလီ အာရ်အေ ( John Calcott Horsley RA) ဖြစ်ပါသည်။ သူသည် ဗြိတိသျှပြတိုက်၏ ဒါရိုက်တာတစ်ဦးဖြစ်သူ၊ ဆာဟင်နရီကိုလီ ( Sir Henry Cole ) အတွက်၊ ခရစ္စမတ်ကဒ်ကို ပဌမဆုံး ပုံဖေါ်ပြုလုပ်ခြင်း ဖြစ်သည်။ ဆာဟင်နရီကိုလီသည်၊ တာဝန်ထမ်းဆောင်ရာမှ အနားယူသောအခါ၊ သူ၏ အပေါင်းအသင်း မိတ်ဆွေများကို နှုတ်ဆက်သွားရန်၊ အချိန်လောက်ငှမှု မရှိသောကြောင့် နှုတ်ဆက်စာ ရေးသားပေးပို့ခြင်းထက် ခရစ္စမတ်ကဒ်များပြုလုပ်ခဲ ပေးပို့ခြင်းအားဖြင့်၊ အချိန်လုံလောက်မှု ရရှိရန်၊ ဖြတ်လမ်းမှ ကြံစည်ဆောင်ရွက်ခြင်း ဖြစ်သည်။

သူ၏ ကြံ့စည်ဆောင်ရွက်ခဲ့ခြင်းသည် အမှတ်မထင် ခရစ္စမတ်ကဒ်ဟူ၍ တသီးတခြား ထွက်ပေါ်လာနိုင်ခြင်း အခြေအနေသို့ ရောက်ခဲ့ရသည်။ ဆာဟင်နရီကိုလီသည်လည်း၊ တစ်ဖက်တစ်လမ်းက ထုတ်ဝေသူ လုပ်ငန်းရှင်တစ်ဦး ဖြစ်ခဲ့သည်။ သုံးနှစ်ခန့်အကြာတွင်၊ သူသည် ပဋ္ဌမဦးဆုံးခရစ္စမတ်ကဒ်ကို ဆက်လက်ထုတ်ဝေခဲ့သည်။ ထုတ်လုပ်သည့် အရေအတွက်ကို အကန့်အသတ် '၁၀၀၀' မျှသာ စတင်ထုတ်လုပ် ဖြန့်ချီခဲ့သည်။ ကဒ်ပေါ်တွင် ပန်းချီ ရေးဆွဲထားပါသည်။

၁၈၈၀ ပြည့်နှစ်တွင်၊ ခရစ္စမတ်ကဒ်လုပ်ငန်းသည် အရှိန်အဟုန် တိုးတက်ကြီးမား လာခဲ့သည်။ ယွင်က ခရစ္စမတ်ကဒ်နှင့်စပ်လျဉ်း၍၊ လူသိအနည်းအကျဉ်းမျှသာ သိရှိရသော အကြောင်းအရင်းတစ်ရပ်မှာ၊ ကဗျာဆရာ လော့တင်နီဆင်က၊ ခရစ္စမတ်ကဒ်ပေါ်တွင်၊ ကဗျာ ရေးသားဖွဲ့နွဲ့ဖေါ်ပြပေးရန်အလို့ငှါ၊ ညာဏ်ပူဇော်ခငွေ ဂီနီ '၁၀၀၀' ပေးရခြင်း ဖြစ်သည်။ ကဗျာ စာကြောင်းရေမှာ ၃၂ ကြောင်းမျှသာ ရှိသည်။

၁၉၂၄ ခုနှစ်တွင်၊ အမေရိကန်သမ္မတသည် ခရစ္စမတ်ကဒ်များ လက်ခံရရှိသည့် အနက်၊ ကဒ်တစ်ခုသည် အရွယ်အစားအားဖြင့်၊ သာမာန်ကဒ်ထက် ပိုမိုကြီးမားခဲ့သည်။ အဆိုပါ ခရစ္စမတ်ကဒ်သည် အနံ ၂၁လက်မ၊ အလျား ၃၃ လက်မ မျှရှိသည်။ ဝေလမင်းသားလည်း ခရစ္စမတ်ကဒ်များလက်ခံရရှိခဲ့သည်။ ၄င်းလက်ခံရရှိသောကဒ်များအနက်၊ ခရစ္စမတ်ကဒ် တစ်ခုသည်၊ ဆံစေ့များနှင့် လှပစွာ မွန်းမံစီချယ် ပြုလုပ်ထားပါသည်။

တစ်ခေတ်တစ်ချိန်က ကမ္ဘာပေါ်တွင်၊ ငွေကြေးတန်ဖိုးအားဖြင့် အမြင့်မားဆုံး ငွေကြေးအကုန်အကျခံ ထုတ်လုပ်ခဲ့သော ခရစ္စမတ်ကဒ် ရှိခဲ့ဘူးသည်။ ကုန်ကျခဲ့သော ငွေကြေးပမာဏသည်၊ ပေါင်ပေါင်း '၂၅၀၀၀၀' ဖြစ်သည်။ ၄င်းကဒ်တစ်ခုလုံးကို၊ ဆင်စွယ်သက်သက်ဖြင့် ပြုလုပ်ခဲ့သည်။

တစ်ခါက၊ အိန္ဒိယမင်းသားတစ်ဦးသည်၊ တန်ဖိုးကြီးမားသောခရစ္စမတ်ကဒ် တစ်ကဒ်ကို ဥရောပသူ တစ်ဦးအား ပေးလို၍ ပြုလုပ်ခဲ့ဘူး ပါသည်။ အဆိုပါ ခရစ္စမတ်ကဒ် ပုံဖြစ်ပေါ်လာရန်၊ အလုပ်သမားလေးဦးက၊ ခြောက်လတိုင်တိုင်၊ အချိန်ယူ၍ ပြုလုပ်ပေးခဲ့ရသည်။ ၄င်းကဒ်အတွင်းတွင်၊ ဗုဒ္ဓရှင်တော်ဘုရား၏ ဖြစ်တော်စဉ်နှင့် စပ်လျဉ်းသည့် ရုပ်ပုံပေါင်း '၄၀၀၀' ကိုလည်း ထည့်သွင်းခဲ့သည်။ စိန်တစ်လုံးစီ၏ ပမာဏသည်၊ သစ်အယ်သီးတစ်လုံး၏ အရွယ်နှင့် အညီဖြစ်သည်။ သို့သော်လည်း၊ ကံအကြောင်းမလှသော အိန္ဒိယမင်းသားသည် ခရစ္စမတ်အချိန် မကျရောက်မီ၊ ရာထူးမှ ဖယ်ရှားခံလိုက်ရသည့်အတွက်၊ မပေးဖြစ်ခဲ့ချေ။

သြစတြီးယားနိုင်ငံ၏ မင်းကြွေရာဇ် ဖရန့်ဂျိုးဇက်သည်၊ သရုပ်ဆောင် မင်းသမီးတစ်ဦးဖြစ်သူ၊ ကက်သရင်းရှာရတ် ထံသို့၊ ခရစ္စမတ်ကဒ်တစ်ကဒ် ပေးပို့ခဲ့သည်။ အဆိုပါ ခရစ္စမတ်ကဒ်တွင်၊ ဟိုဘင်၏ ပုံတူရုပ်ဖေါ်ပြရတွင် ပတ္တမြားများထည့်သွင်း စီခြယ်ထားသည့်ကဒ် ဟုဆိုသော်လည်း၊ လက်မဝက်ခန့်ထူသော ရွှေပြားပေါ်တွင် ပြုလုပ်ထားခြင်း ဖြစ်သည်။ ငွေကြေး ချမ်းသာ၍ ကြွယ်ဝသော လုပ်ငန်းရှင်ကြီးဖြစ်သူ ဟိုလင်ဂျာသည်  သူငယ်ချင်းတစ်ဦး ထံသို့၊ ခရစ္စမတ်ကဒ် ပေးပို့ခဲ့သည်။ ယင်းခရစ္စမတ်ကဒ်သည် ရေးဆွဲသူ လက်မှတ်ထိုးထားခြင်း မရှိသော ပန်းချီကားတစ်ချပ် ဖြစ်သည်။ အတိုင်းအတာအားဖြင့်၊ ၅ပေ မှ ၆ပေခန့် ရှိသည်။ နားလည် တတ်ကျွမ်းသူများက၊ အဆိုပါပန်းချီသည် ပညာရှင် ရန်ဘရန့်၏လက်ရာ ဖြစ်ပြီး၊ ပန်းချီကားသည် ရာစုနှစ်တစ်စုကျော်ကပင် ပျောက်ဆုံးသွားခဲ့ကြောင်း ထုတ်ဖေါ်ပြောဆိုကြသည်။



ယင်းအကြောင်းကြောင့်ပင် .. ခရစ္စမတ်ပန်းချီကဒ်၏ မူလပိုင်ရှင်ဖြစ်သော လုပ်ငန်းရှင် ဟိုလင်ဂျာသည် သူငယ်ချင်းဖြစ်သူဆီသို့ ပေးပို့ခဲ့သော ခရစ္စမတ်ပန်းချီကဒ်ကို သူငယ်ချင်းဖြစ်သူထံမှ ပြန်လည်ရယူလိုကြောင်းပြောရာ၊ သူငယ်ချင်းဖြစ်သူမှ ပြန်လည်ပေးအပ်ရန် ငြင်းဆန်ခဲ့သည်။ ဟိုလင်ဂျာသည် အလျှော့မပေးဘဲ နောက်ဆုံးတွင် ခရစ္စမတ်ပန်းချီကဒ် ပြန်လည်ရရှိရန် အတွက်၊ တရားဥပဒေနည်းလမ်းအရ ဆောင်ရွက်ခဲ့သည်။ ထိုသို့ ဆောင်ရွက်ခဲ့ရသော ကုန်ကျငွေပေါင်းမှာ ပေါင် '၁၁၈၀၀' ခန့် အကုန်အကျ ခံခဲ့ရသည်။

နှစ်စဉ် ခရစ္စမတ်အချိန် ရောက်တိုင်း၊ ရင်းနှီးခင်မင်သူများထံသို့ ခရစ္စမတ်ကဒ်များကို အမှတ်တရ အဖြစ် ပေးပို့ကြသည့် အနက်၊ အမေရိကန်ဆရာဝန်တစ်ဦး ပေးပို့ခဲ့သော ကဒ်များ စုစုပေါင်းမှာ နှစ်စဉ် ၄၀၀၀ အထက် ဖြစ်ကြောင်းသိရသည်။

ဆာအာနက်နှင့် လေဒီဒေါ့ကါ တို့သည် နှစ်စဉ် ခရစ္စမတ်ကဒ်ပေါင်း ၇၀၀ နီးပါးခန့်ကို ၄င်း၊ ဆာဝင်စတန် တို့ကလည်း ခရစ္စမတ်ကဒ်ပေါင်း ၃၀၀ နီးပါးခန့် ပေးပို့ခဲ့ကြောင်း သိရသည်။ ခရစ္စမတ်အချိန်အခါတွင်၊ ကဒ်များပို့သူနှင့်လက်ခံသူ နှစ်ဦးနှစ်ဖက်စလုံးက၊ တန်ဖိုးကြီးစွာထားရှိကြသည်။ ဝမ်းမြောက်မှု၊ ဂုဏ်ယူမှုများ ရှိကြသည်။ ဝါသနာတစ်ရပ်အနေဖြင့် ခရစ္စမတ်ကဒ်ကို အစဉ်တစ်စိုက် စုဆောင်းလာကြသူများပင် ထွက်ပေါ်လာခဲ့သည်။ လန်ဒန်မြို့နေ အမျိုးသားတစ်ဦးသည် ခရစ္စမတ်ကဒ် အရေအတွက်ပေါင်း '၁၆၃၀၀၀'မျှ လက်ဝယ် စုဆောင်းသိမ်းဆည်းနိုင်ခဲ့သည်။ ထိုသိမ်းဆည်းထားသော ခရစ္စမတ်ကဒ်များကို ၄င်းအိမ်တွင် ပြတိုက်အသွင် ပြသထားသည်။

ယ္ခုအခါတွင်၊ ဗြိတိန်နိုင်ငံတစ်နိုင်ငံတည်းအတွင်းမှာပင်၊ ခရစ္စမတ်ကဒ် အရေအတွက် '500,000,000'ကျော်ထုတ်လုပ်ရန် ရှိနေပေသည်။ ခရစ္စမတ်ကဒ် ပုံဖေါ်ထုတ်လုပ်သည့် လုပ်ငန်းများသို့ ဒီဇင်ဘာ ခရစ္စမတ်အချိန်အခါ မတိုင်မီ ငါးလအလို၊ သြဂုတ်လအတွင်းမှ အစပြု၍၊ အမှာစာများ ပေးပို့ကာ၊ တန်းစီ စောင့်ဆိုင်းရကြောင်း သိရသည်။

ဤသည်ကား ခရစ္စမတ်ကဒ် ပေါ်ပေါက်လာပုံ အကြောင်း ဖြစ်ပါသည်။

စာဖတ်ပရိသတ်အားလုံးကို၊ ဘုရားသခင် ကောင်းကြီးပေးပါစေ။ အာမင်။

– ဦးတိုး –

[CF, DIGEST MAGAZINE AND WORLD DIGEST VOL34 No.201]



## Facts about DECEMBER

December is the twelfth and last month of the year according to the Gregorian calendar. This is used in almost all the world today. It was the tenth month in the early Roman calendar. It became the twelfth month in a later Roman calendar. Until 46 B.C., December only had 29 days. But the Roman statesman Julius Caesar added two days to December, which made it 31 days.

In the northern half of the world, Winter begins in December. Winter does not begin until December 21 or 22, and most of December is usually warmer than other winter months.



The latter part of December has long been a holiday season. Christians celebrate Christmas Day, as the birthday of Jesus Christ.

In the Northern Hemisphere, most birds have gone to warmer climates. But many animals are active. Mink, ermine, beavers, and foxes grow beautiful coats of fur. Nature finishes preparing for the long winter ahead. Many people make feeding places for birds and squirrels.









**<u>DECEMBER QUOTE</u>**

I heard the bells on Christmas Day
Their old, familiar carols play,
And wild and sweet
The words repeat
Of peace on earth, good will to men.

# <u>Bible Study</u>

# Topic : Always With You

**Spiritual Lesson Guide**

**<u>Needed Materials</u>**

File/folder, paper, pen or pencils, the Bible, and song books

**A) Greetings, introduction to the lesson plans of the month and opening prayer**

**B) Summon up (Recall) the last week's topic and lessons**

**Topic: Midwife To The Soul (Lessons)**

1) Miriam quickly took the initiative to suggest a nurse (her mother) who might care for the baby. Special opportunities may come our way unexpectedly.
2) As a midwife rejoices in a new creation (the baby), we also must celebrate the beauty of the tiny new creature.
3) Midwives help women give birth and care for the baby until the mother was stronger. They are committed to helping babies be born.
4) God blessed who save the lives of innocent people.
5) Jesus frees people from all burdens. The rest that Jesus promises is love, healing, and peace with God, not the end of all labor.
6) Gentleness is love in action—being considerate, meeting the needs of others, allowing time for the other person to talk and being willing to learn.
7) Getting ready to meet Christ involves continually growing in love for God and for others. It is important to pray and to reach out to needy people.

**Bible Application**

1) Focus on God and trust him for the way out.
2) Commit to helping people to be born again.
3) Rejoice with a new creation (born again person).
4) Love and live your precious life and help others to do so.
5) Build the intimate relationship with God so that your meaningless and wearisome life will be changed into spiritual productivity and purpose.
6) Maintain a gentle attitude in your relationships with others.
7) Invest your time and talents where they will make an eternal difference.

..............................................................................................

**C) Teaching Steps on "Always With You"**

**1) Life Need (Hook)**

1) Share your thanksgiving experiences with your friend.
2) Why did you celebrate thanksgiving service?
3) Have you ever asked the question about "Where is God in my sufferings, difficulties, and afflictions?"
4) Have you ever felt that God was not taking care of you? If yes, give an example.
5) Do you believe that God is with you in the midst of your troubles?

**2) Bible Learning (Ask volunteers to read the following scriptural verses loudly) (Book)**

1) Before they call I will answer; while they are still speaking I will hear. (Isaiah 65:24)
    - God always hears and answers our prayers.

2) "I am God, the God of your father," he said. "Do not be afraid to go down to Egypt, for I will make you into a great nation there. I will go down to Egypt with you, and I will surely bring you back again. And Joseph's own hand will close your eyes." (Genesis 46:3-4)
    - God told Jacob to leave his home and travel to a strange and faraway land. But God reassured him by promising to go with him and take care of him.

3) Have I not commanded you? Be strong and courageous. Do not be afraid; do not be discouraged, for the LORD your God will be with you wherever you go." (Joshua 1:9)
    - Without God it can be frightening. With God it can be a great adventure. Just as God was with Joshua, so He is with us as we face our new challenges.

4) So do not fear, for I am with you; do not be dismayed, for I am your God. I will strengthen you and help you;
   I will uphold you with my righteous right hand. (Isaiah 41:10)
    - We do not need fear because (1) God is with us; (2) God has established a relationship with us; (3) God gives us assurance of his strength, help, and victory over sin and death.

5) "The virgin will conceive and give birth to a son, and they will call him Immanuel," (which means "God with us"). (Matthew 1:23b)

    - Jesus was God in the flesh; thus God was literally among us, "with us." Through the Holy Spirit, Christ is present today in the life of every believer.

6) "And surely I am with you always, to the very end of the age." (Matthew 28:20b)
    - As Jesus was with the disciples, He is continued to be with us today through the Holy Spirit.

7) He tends his flock like a shepherd: He gathers the lambs in his arms and carries them close to his heart;
   he gently leads those that have young. (Isaiah 40:11)
    - God is often pictured as a shepherd, gently caring for and guiding his flock. He is powerful, yet careful and gentle.

**3) Bible Application (Look)**

1) Seek God now, while you can, before it is too late.
2) Allow God to go together with you for your whole life.
3) Ask God to direct you to conquer many of life's challenges.
4) Realize all the ways God has helped you.
5) Believe that Jesus did not come to help us save ourselves; He came to be our Savior from the power and penalty of sin.
6) Believe in the promise of God.
7) Rely on the great Shepherd, the good Shepherd, and the Chief Shepherd.

**4) Life Response (Took)**

1) How will you witness that God is with you always?
2) How will you witness that you are traveling your life with God?
3) How will you invite God to travel with you for your whole life?
4) How will you tell the good news about "God is with us" to your friends?

**D) Song "Day By Day"**

[(Day by day as I walk a little closer to my Lord (Day by day)2 ]2
(Where he leads me)2 (I will follow)2
(Where he sends me)2, I will go
[(Day by day as I walk a little closer to my Lord (Day by day)2 ]2
(Where he leads me)2 (I will follow)2

**E) Announcement**

For the next week (1st week of December), think about "Dear Heart, Come Home: Wandering in the Wilderness."

**F) Words of thanks and closing prayer**

- Saya Joseph-